# ၂၀၂၅ခုနှစ်


# ကျောင်းသားခေါ်ယူခြင်း လိုအပ်ချက်များ

## [နိုင်ငံခြားပညာတော်သင်ကျောင်းသားများ]

၃၆နှစ်တာခိုင်မာသောသမိုင်းကြောင်းနှင့် တည်ငြိမ်သောအလုပ်အကိုင်မှတ်တမ်း
ကျောင်းကော်ပိုရေးရှင်း တဲအိခရောသိပ္ပံတက္ကသိုလ်
**တဲအိခရောဖုခုရှိ ကောလိပ်**
〒၄၀၅ - ၀၀၁၈ ယမနရှိခရိုင် ယမနရှိမြို့ခမိခနို့၇၀ ၇၇-၃
ဖုန်း - (၀၅၅၃) ၂၂ - ၆၇၇၆

အသေးစိတ်အချက်အလက်များကို Home Page တွင် ကြည့်ရှုနိုင်ပါသည်။

**https://www.ntu.ac.jp/mwc/**



JR Chuo Line Yamanashishi
ဘူတာတောင်ဘက်ပေါက်မှ လမ်းလျှောက် ၁ မိနစ်

# တဲအိခရော ဖုခုရှိ ကောလိပ်
# နိုင်ငံခြားပညာသင်ကျောင်းသားခေါ်ယူခြင်း လိုအပ်ချက်များ

## [ခေါ်ယူသောဌာန]

ခေါ်ယူသောဌာန - သူနာပြုစောင့်ရှောက်ရေးဌာန နေ့ပိုင်း ၂ နှစ်
ဝင်ခွင့်သတ်မှတ်ဦးရေ - ၄၀ ဦး (သတ်မှတ်ဦးရေသည် ဂျပန်လူမျိုးအပါအဝင် စုစုပေါင်းလူဦးရေဖြစ်သည်)
အရည်အချင်း - သူနာပြုစောင့်ရှောက်ရေးဝန်ထမ်း အမျိုးသားစာမေးပွဲအောင်လက်မှတ်၊ ကျွမ်းကျင်သူ (ပညာရေး၊ လူမှုစောင့်ရှောက်ရေးအထူးပြုသင်တန်း)

"ကျွမ်းကျင်သူ" ဆိုသည်မှာ

"ကျွမ်းကျင်သူ" အား အသက်မွေးဝမ်းကြောင်းကျောင်းများတွင် သင်ယူမှု၏ရလဒ်များကို သင့်လျော်သော အကဲဖြတ်မှုများ ဖြင့် အသိအမှတ်ပြုပါသည်။ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီး မှ အသိအမှတ်ပြုထားသော နှစ်နှစ်နှင့်အထက် သက်မွေးဝမ်းကြောင်းကျောင်း (ဌာန) ပြီးထားသူများအား ဤခေါင်းစဉ်ကို ပေးအပ်ပါသည်။ ဤ "ကျွမ်းကျင်သူ" ခေါင်းစဉ်ကိုပေးအပ်ခံရသောသူများအတွက် တက္ကသိုလ်သို့ ပညာသင်ခွင့်လမ်းများကိုလည်း ဖွင့်လှစ်ပေး ထားပါသည်။

## [လျှောက်ထားနိုင်သောအရည်အချင်း]

လျှောက်ထားရာတွင် အောက်ဖော်ပြပါ အချက် ၅ ချက်လုံး ပြည့်စုံရန် လိုအပ်ပါသည်။

၁။ အခြေခံသဘောအရ အမိနိုင်ငံတွင် ၁၂နှစ်နှင့်အထက် ပညာသင်ယူပြီးထားသူ၊ သို့မဟုတ် ဤအရာနှင့် ကိုက်ညီကြောင်းကျွန်ုပ်တို့ကျောင်းမှအသိအမှတ်ပြုထားသူ။

၂။ အောက်ပါ (၁) မှ (၅) ထဲမှ တစ်ခုခုနှင့်ကိုက်ညီသူ။

(၁) တရားရေးဝန်ကြီးမှ တရားဝင်သတ်မှတ်ထားသော ဂျပန်ဘာသာသင်ကြားရေး အဖွဲ့အစည်း တွင် ၆ လနှင့် အထက် ဂျပန်ဘာသာကို သင်ယူထားသူ

(၂) Japan International Educational Support Association & Japan Foundation တို့မှ ဆောင်ရွက်သော ဂျပန်ဘာသာ အရည်အချင်းစစ်စာမေးပွဲ (JLPT) အား N1 သို့မဟုတ် N2 အဆင့် အောင်မြင်ထားသူ

(၃) ဂျပန်နိုင်ငံမှ မူလတန်း၊ အလယ်တန်း၊ သို့မဟုတ် အထက်တန်းတွင် တစ်နှစ်နှင့်အထက် ပညာသင်ယူဖူးသူ

(၄) ဂျပန်နိုင်ငံ နိုင်ငံတကာကျောင်းသားများအတွက်စာမေးပွဲ (EJU) [ ဂျပန်ဘာသာရပ် (စာဖတ်ခြင်းနှင့် နားထောင်ခြင်း နားလည်နိုင်စွမ်း၊ စာဖတ်ခြင်းနှင့် နားထောင်ခြင်းစုစုပေါင်း) ] အမှတ် ၂၀၀ အထက် ရရှိထားသူ

(၅) Japan Kanji Proficiency Test Association မှ ဆောင်ရွက်သော BJT စီးပွားရေးဂျပန်ဘာသာကျွမ်းကျင်မှုစာမေးပွဲ အမှတ် ၄၀၀ အထက်ရရှိထားသူ

၃။ ကျွန်ုပ်တို့ကျောင်း၏ ကျောင်းလေ့လာရေးတွင် ပါဝင်ခဲ့သူ

၄။ ဂျပန်နိုင်ငံတွင်နေထိုင်စဉ် တိကျသော ဆက်သွယ်ရန်လိပ်စာရှိသူ

၅။ ကျွန်ုပ်တို့ကျောင်းတွင်ရှိစဉ် ကျောင်းစရိတ်၊ နေထိုင်စရိတ်ပေးချေနိုင်ရမည်။

**[နိုင်ငံခြားပညာတော်သင်ကျောင်းသားများ ဝင်ခွင့်စာမေးပွဲအစဉ်]**

၁။ ကျောင်းလေ့လာရေးစသည်တို့ကို သွားရောက်ပါ

(၁) Open campus နှင့် ကျောင်းလေ့လာရေးပွဲစသည်တို့တွင် ပါဝင်ပါ။

(၂) လျှောက်ထားရန် လိုအပ်သောစာရွက်စာတမ်းများကို ပေးပါမည်။

* မဖြစ်မနေ ကြိုတင်စာရင်းပေးသွင်းရန် လိုအပ်ပါသည်။

▼

၂။ လျှောက်လွှာတင်ခြင်း (အသီးသီးသော လက်မှတ်များသည် ထုတ်ပေးသည့်ရက်မှ ၃လအတွင်း ဖြစ်ရမည်။

နိုင်ငံခြားပညာသင်ကျောင်းသားခေါ်ယူရေး လိုအပ်ချက်များအတိုင်း လျှောက်ထားပါ။

▼

၃။ ဝင်ခွင့်စာမေးပွဲ

စာစီစာကုံး၊ အင်တာဗျူး (ဂျပန်ဘာသာစာမေးပွဲအပါအဝင်)၊ စာရွက်စာတမ်းစစ်ဆေးခြင်း စသည်တို့ကို လုပ်ဆောင်ပါမည်။

▼

၄။ ရလဒ်အား စာတိုက်မှပို့ဆောင်ခြင်း (ဝင်ခွင့်စာမေးပွဲပြီးနောက် တစ်ပတ်ခန့်)

▼

၅။ ကျောင်းဝင်ရန်စာရွက်စာစာရွက်စာတမ်းပြင်ခြင်း၊ ကျောင်းလခသွင်းခြင်း

ကျောင်းဝင်ခြင်းလုပ်ငန်းစဉ်များလုပ်ဆောင်စဉ် ပေးသွင်းရမည့်အခကြေးငွေနှင့်ပတ်သက်၍

(၁) ကျောင်းဝင်ခြင်းလုပ်ငန်းစဉ်များလုပ်ငန်းစဉ်များလုပ်ဆောင်စဉ် ပေးသွင်းရမည့်အခကြေးငွေသည် ၆၂၀,၀၀၀ ယန်း (ပထမ နှစ်ဝက်စာ) ကို အပြည့် ကြိုတင်ပေးသွင်းရန် သတ်မှတ်ထားပါသည်။

(၂) ကျောင်းဝင်ခြင်းလုပ်ငန်းစဉ်များလုပ်ဆောင်စဉ် ပေးသွင်းရမည့်အခကြေးငွေအား အောင်မြင်ကြောင်းရလဒ် အကြောင်း ကြားစာရောက်ရှိပြီးနောက် တစ်ပတ်ခန့်အတွင်းတွင် ဝင်ခွင့်လုပ်ငန်းစဉ်စာရွက်စာတမ်းများနှင့် အတူ ထည့်သွင်းပေး လိုက် သော ငွေလွှဲစာရွက်ဖြင့် ပေးသွင်းပါ။

(၃) ၃ လပိုင်းမကုန်ခင်တွင် ဝင်ခွင့်ငြင်းပယ်လိုသူများအား ဝင်ကြေးပြင်ပ ကျောင်းလခများအား ပြန်အမ်းပေးမည် ဖြစ်သည်။

▼

၆။ ကျောင်းဝင်ခွင့်လက်မှက် ပို့ဆောင်ခြင်း

ကျောင်းလခပေးချေမှုအား စစ်ဆေးပြီးနောက် ကျောင်းဝင်ခွင့်လက်မှတ်ကို စာတိုက်မှပေးပို့ပါမည်။
ကျောင်းဝင်ခွင့်လက်မှတ်အား ဗီဇာရယူရန်နှင့် သက်တမ်းတိုးရာတွင် အသုံးပြုလျှင် မူရင်းကိုသိမ်းဆည်း၍ မိတ္တူကို သာအသုံးပြုပါ

▼

ကျောင်းဝင်ခြင်း

**[ဝင်ခွင့်စာမေးပွဲ အချိန်ဇယား]**

| ဝင်ခွင့်စာမေးပွဲများ | လျှောက်ထားကာလ | စာမေးပွဲရက် | ရလဒ်ပို့ဆောင်ရက် | ဝင်ခွင့်လုပ်ငန်းစဉ်ကာလ |
|---|---|---|---|---|
| ပုံမှန်ပထမအကြိမ် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ၊ ၆ ရက်နေ့ (ဗုဒ္ဓဟူး)<br>မှ<br>၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ၊ ၂၀ ရက်နေ့ (ဗုဒ္ဓဟူး) | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ၊ ၇ ရက်နေ့ (စနေ) | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၁ ရက်နေ့ (ဗုဒ္ဓဟူး) | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၂ ရက်နေ့ (ကြာသပတေး)<br>မှ<br>၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၈ ရက်နေ့ (ဗုဒ္ဓဟူး) |
| ပုံမှန်ဒုတိယအကြိမ် | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၈ ရက်နေ့ (ဗုဒ္ဓဟူး)<br>မှ<br>၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ၊ ၈ ရက်နေ့ (ဗုဒ္ဓဟူး) | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၅ ရက်နေ့ (စနေ) | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၉ ရက်နေ့ (ဗုဒ္ဓဟူး) | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ၊ ၃၀ ရက်နေ့ (ကြာသပတေး)<br>မှ<br>၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၅ ရက်နေ့ (ဗုဒ္ဓဟူး) |
| ပုံမှန်တတိယအကြိမ် (*) | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၂ ရက်နေ့ (ဗုဒ္ဓဟူး)<br>မှ<br>၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၅ ရက်နေ့ (ဗုဒ္ဓဟူး) | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၂ ရက်နေ့ (စနေ) | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၆ ရက်နေ့ (ဗုဒ္ဓဟူး) | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၇ ရက်နေ့ (ကြာသပတေး)<br>မှ<br>၂၀၂၅ ခုနှစ်၊ မတ်လ၊ ၅ ရက်နေ့ (ဗုဒ္ဓဟူး) |
| ပုံမှန်စတုတ္ထအကြိမ် (*) | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၅ ရက်နေ့) (ဗုဒ္ဓဟူး<br>မှ<br>၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၆ ရက်နေ့ (ဗုဒ္ဓဟူး) | (၂၀၂၅ ခုနှစ်၊ မတ်လ၊ ၁၅ ရက်နေ့ (စနေ) | ၂၀၂၅ ခုနှစ်၊ မတ်လ၊ ၁၉ ရက်နေ့ (ဗုဒ္ဓဟူး) | ၂၀၂၅ ခုနှစ်၊ မတ်လ၊ ၂၁ ရက်နေ့) (သောကြာ<br>မှ<br>၂၀၂၅ ခုနှစ်၊ မတ်လ၊ ၂၇ ရက်နေ့ (ဗုဒ္ဓဟူး) |

(*) သတ်မှတ်ချက်အရ ဂျပန်ဘာသာစကားကျောင်းတွင် စာရင်းသွင်းထားသူများ (သို့မဟုတ်) ဘွဲ့ရရှိသူများသာ အကျုံးဝင်သည်။

## ဤကျောင်း၏ ပညာရေးအတွေးအခေါ်

ဤကျောင်းသည် သူနာပြုစောင့်ရှောက်ရေးဝန်ထမ်း အဖြစ် လိုအပ်သောဗဟုသုတနှင့် နည်းပညာများနှင့် သက်ဆိုင်သော အထူးပြုပညာရေးကို သင်ကြားပြီး၊ ကိုယ်ရည်ကိုယ်သွေးများကို လေ့ကျင့်သင်ကြားပေးရာတွင် အားစိုက်ထုတ်၍ လူ့ဘောင်အဖွဲ့အစည်းအား အကျိုးပြုသော သူနာပြုစောင့်ရှောက်ရေးဝန်ထမ်းများ အား မွေးထုတ်ပေးခြင်းကို ရည်မှန်းချက်အဖြစ်ထားရှိ သော ပညာရေးအတွေးအခေါ်ကို လက်ကိုင်ထားပါသည်။

## ဝင်ခွင့်၊ ပေါ်လစီ (ကျောင်းဝင်ခွင့်လက်ခံမှုဝါဒ)

၁။ သူနာပြုစောင့်ရှောက်ရေးဝန်ထမ်းအဖြစ် လိုအပ်သော ဗဟုသုတနှင့် နည်းပညာများကို သင်ယူလိုစိတ်အပြည့်ရှိသူ

၂။ စူးစမ်းလိုစိတ်ရှိသူ၊ လူများအတွက် အသုံးဝင်ချင်သူ၊ သွက်လက်သူ

၃။ အနာဂတ်တွင် သူနာပြုစောင့်ရှောက်ရေးဝန်ထမ်းအဖြစ် ဒေသခံ လူထုနှင့် စည်းလုံးညီညွတ်သော လူ့အဖွဲ့အစည်းကို အကျိုးပြုလိုသူ

### ကိုယ်ရေးကိုယ်တာအချက်အလက် ကိုင်တွယ်မှုနှင့်ပတ်သက်၍

လျှောက်ထားချက်တွင် ထည့်သွင်းထားသော ကိုယ်ရေးကိုယ်တာအချက်အလက်များကို ဝင်ခွင့်စာမေးပွဲ အကောင်အထည်ဖော်ခြင်းနှင့် ကျောင်းသားမှတ်ပုံတင်ခြင်း စီမံဆောင်ရွက်ခြင်း၊ လူတစ်ဦးချင်းစီကို ခွဲခြားမသိနိုင်သောဖောင်ပုံစံဖြင့်စာရင်းအင်းဆိုင်ရာစီမံဆောင်ရွက်ချက်အတွက်သာ အသုံးပြုမည်ဖြစ်ပြီး အခြားရည်ရွယ်ချက်အတွက် အသုံးပြုမည်မဟုတ်ပါ။

**[လျှောက်လွှာစာရွက်]** <u>(ထုတ်ပေးသည့်ရက်မှ ၃ လအတွင်းရှိသော လက်မှတ်အမျိုးမျိုး)</u>

၁။ ကျောင်းဝင်ခွင့်လျှောက်လွှာဖောင်/ကျောင်းဝင်ခွင့်လျှောက်လွှာစာရွက်<ဤကျောင်းမှသတ်မှတ်ထားသောစာရွက်>

< ထည့်သွင်းချိန်တွင် သတိပြုရန် >

(၁) မေးလ်လိပ်စာအား လက်ကိုင်ဖုန်း၊ စမတ်ဖုန်းမှ အရာကို ရေးသားပါ။

(၂) "ဂျပန်တွင် အရေးပေါ်ဆက်သွယ်ရန်လူ" မရှိလျှင် အရေးပေါ်အချိန်တွင် ကျောင်းမှ ဆက်သွယ်နိုင်သူ (ဂျပန်စာ နားလည်သူ) ကို ရေးသားပါ။

၂။ ကုန်ကျစရိတ်ထောက်ပံ့စာ < ဤကျောင်းမှ သတ်မှတ်ထားသောစာရွက် >

၃။ စာမေးပွဲလက်မှတ် < ဤကျောင်းမှ သတ်မှတ်ထားသောစာရွက် >

၄။ အမိနိုင်ငံမှ "အထက်တန်းကျောင်းနှင့် နောက်ဆုံးကျောင်းမှ ဘွဲ့လက်မှတ် သို့မဟုတ် ဘွဲ့လက်မှတ်မိတ္တူ"

* ဤမိတ္တူသည် "မူရင်းမှကူးယူထားသော ခြားနားချက်မရှိကြောင်းစစ်ဆေးရန်" အတွက် ဂျပန်စာကျောင်းမှ သက်သေခံ တံဆိပ်တုံး လိုအပ်ပါသည်။

* ဂျပန်ဘာသာပြန်ဆိုထားသည်ကို ထည့်သွင်းပေးပါ။

* စာတိုက်မှပို့ဆောင်မည့်သူသည် မူရင်းကို မထည့်သွင်းဘဲ မိတ္တူကိုသာပေးပို့ပါ။

၅။ အမိနိုင်ငံမှ "ကျောင်းပြီးဆုံးကြောင်းစသည့်လက်မှတ်မိတ္တူ"

* အထက်တွင် ဖော်ပြထားသည့်အတိုင်း ဂျပန်စာကျောင်းမှ သက်သေခံတံဆိပ်တုံး လိုအပ်သည်။

* ဂျပန်ဘာသာပြန်ဆိုထားသည်ကို ထည့်သွင်းပေးပါ။

* စာတိုက်မှပို့ဆောင်မည့်သူသည် မူရင်းကို မထည့်သွင်းဘဲ မိတ္တူကိုသာပေးပို့ပါ။

(သတိ) နိုင်ငံပေါ်မူတည်၍ အခြားထပ်တိုးစာရွက်စာတမ်းများ တောင်းဆိုမှုလည်းရှိသည်။

၆။ တက်ရောက်နေသောကျောင်း၏ ဘွဲ့ (ခန့်မှန်း) လက်မှတ်၊ သို့မဟုတ် ကျောင်းတက်နေကြောင်းလက်မှတ် (၃ လ အတွင်း ထုတ်ပေးထားသောအရာ)

၇။ တက်ရောက်နေသောကျောင်းမှ ကျောင်းခေါ်ချိန်၊ အမှတ်စာရင်း

(လစဉ်တက်ရောက်ထားသော အချိန်စုစုပေါင်းကို သိရှိနိုင်သောအရာဖြစ်၍ လျှောက်လွှာတင်ချိန်နှင့် အနီးဆုံးအရာ)

၈။ ပတ်စ်ပို့မိတ္တူ (ကိုယ်ရေးအချက်အလက်နှင့် တံဆိပ်တုံးများပါသည့် စာမျက်နှာအားလုံး)

၉။ နေထိုင်ခွင့်ကတ်မိတ္တူ (နှစ်ဖက်လုံး)

၁၀။ ဂျပန်တွင်လုပ်ထားသော ဘဏ်အားလုံး၏ ငွေစုစာအုပ်မူရင်းနှင့် စာမျက်နှာအားလုံး၏ မိတ္တူ

* စာတိုက်မှ ပို့ဆောင်လျှင် စာမေးပွဲဖြေဆိုမည့်နေ့တွင် ယူလာပါ

* နောက်ဆုံးငွေအသွင်းအထုတ် လုပ်ထားသည့် မှတ်တမ်းအထိ မှတ်တမ်းတင်ပါ

၁၁။ ဓာတ်ပုံ (၄ စင်တီ × ၃ စင်တီ) ၂ ပုံ

* ဓာတ်ပုံသည် ၃ လအတွင်း ရိုက်ထားသည်ကို အသုံးပြုပြီး၊ "၁။ လျှောက်လွှာစာရွက်" နှင့် "၂။ စာမေးပွဲလက်မှတ်" တွင် ကပ်ပါ။

* ဘာသာရေးအရ၊ သို့မဟုတ် အမိနိုင်ငံထုံးတမ်းအရ ခေါင်းဆောင်းကို အမြဲဝတ်ရန်လိုအပ်သူသည် လျှောက်လွှာတင်ချိန်တွင် အသိပေးပါ။

၁၂။ ဝင်ခွင့်စာမေးပွဲကြေး ယန်း ၁၅,၀၀၀ (ငွေသား သို့မဟုတ် စာတိုက်ငွေလွှဲ)

< ကိုက်ညီသူသာလျှင် >

၁၃။ ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ N2 နှင့် ထိုထပ်ပိုမြင့်သော စာမေးပွဲအောင်လက်မှတ် (မိတ္တူ)

၁၄။ ဂျပန်နိုင်ငံ နိုင်ငံတကာကျောင်းသားများအတွက် စာမေးပွဲအဆင့်လက်မှတ် (မိတ္တူ)

## [လျှောက်လွှာစာရွက်စာတမ်းတင်နည်း]

၁။ ဤကျောင်း၏ လက်ခံကောင်တာသို့ ယူလာပေးခြင်း သို့မဟုတ် စာတိုက်မှတစ်ဆင့် အထူးဝန်ဆောင်မှုဖြင့် ပေးပို့ ပါ။ (ရုံးဖွင့်ရက် ၉ နာရီမှ ၁၇ နာရီ "စနေ၊ တနင်္ဂနွေ၊ အစိုးရရုံးပိတ်ရက်များမပါ)၊

၂။ လျှောက်လွှာစာရွက်စာတမ်းများကို စစ်ဆေးပြီးနောက် ဝင်ခွင့်စာမေးပွဲ နေ့ရက်နှင့်အချိန်များကို အသိပေးပါမည်။ ထို့ကြောင့် လိုအပ်သောစာရွက်စာတမ်းများ မကျန်ခဲ့ရန် အထူးသတိပြုပါ။

## [ရွေးချယ်နည်း]

စာရွက်စာတမ်းစစ်ဆေးမှု၊စာစီစာကုံး၊ရေးဖြေစာမေးပွဲ၊အင်တာဗျူးများလုပ်ဆောင်ပြီး အားလုံးအပေါ်မူတည်၍ ဆုံးဖြတ်ရွေးချယ်ပါမည်။

- ♦ စာစီစာကုံးစာမေးပွဲ အချိန်- ၃၀ မိနစ်ခန့် (စာလုံး ၄၀၀ ခန့်)
- ♦ ရေးဖြေစာမေးပွဲ အချိန်-၃၀မိနစ်ခန့် ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ (N2 အဆင့်နီးပါး)
- ♦ လူတွေ့စာမေးပွဲ အချိန်- ၃၀ မိနစ်ခန့်

**[ကျောင်းဝင်ခြင်းလုပ်ငန်းစဉ်၊ ကျောင်းလခပေးသွင်းခြင်း]**

အောင်မြင်သူများသည် ကျောင်းဝင်ခြင်းလုပ်ငန်းစဉ်များ လုပ်ဆောင်ချိန် သွင်းငွေကို သတ်မှတ်ထားသောငွေကြေး အဖွဲ့အစည်းသို့ လွှဲပြောင်းပြီး၊ ကတိပြုလွှာကို တင်ပြပါ။

(၁) ကျောင်းဝင်ခြင်းလုပ်ငန်းစဉ်များ လုပ်ဆောင်စဉ် ပေးသွင်းရမည့် အခကြေးငွေ ၆၂၀,၀၀၀ ယန်းကို အပြည့် ကြိုတင် ပေးသွင်းရန် သတ်မှတ်ထားပါသည်။

(၂) ကျောင်းဝင်ခြင်းလုပ်ငန်းစဉ်များ လုပ်ဆောင်စဉ် ပေးသွင်းရမည့် အခကြေးငွေအား အောင်မြင်ကြောင်းရလဒ် အကြောင်းကြားစာ ရောက်ရှိပြီးနောက် တစ်ပတ်ခန့်အတွင်းတွင် ဝင်ခွင့်လုပ်ငန်းစဉ်စာရွက်စာတမ်းများနှင့်အတူ ထည့်သွင်းပေးလိုက်သော ငွေလွှဲစာရွက်ဖြင့် ပေးသွင်းပါ။

(၃) ၂၀၂၅ ခုနှစ် မတ်လ၃၁ ရက်နေ့ (တနင်္လာ) ၁၂: ၀၀ နာရီ နောက်ဆုံးထားပြီး ဝင်ခွင့်ပယ်ဖျက်သူများအတွက် သတ်မှတ်ထားသော လုပ်ထုံး လုပ်နည်းများပြီးဆုံးပါက ကျောင်းဝင်ကြေးများ မပါဝင်ဘဲ သင်တန်းကြေးများအားပြန်အမ်းပါမည်။

(၄) ဖတ်စာအုပ်ဖိုး၊ လေ့ကျင့်ရေးသုံးပစ္စည်းဖိုး၊ စာသင်နှစ်စီမံခန့်ခွဲစရိတ်၊ ကျောင်းသားများအထွေထွေအာမခံကြေး စသည်တို့အား ကျောင်းဝင်ပြီးနောက် သီးသန့်ပေးသွင်းရပါမည်။

| စာသင်နှစ် / ကုန်ကျစရိတ် | ပထမနှစ် | | ဒုတိယနှစ် | |
|---|---|---|---|---|
| | ကျောင်းဝင်ခြင်း လုပ်ဆောင်ချိန် | ဒုတိယအဖြတ် | ပထမအဖြတ် | ဒုတိယအဖြတ် |
| ကျောင်းဝင်ကြေး | ၁၈၅,၀၀၀ | - | - | - |
| အတန်းကြေး | ၂၉၀,၀၀၀ | ၂၉၀,၀၀၀ | ၂၉၀,၀၀၀ | ၂၉၀,၀၀၀ |
| အဆောက်အဦး ပစ္စည်းများ ပြုပြင်ထိန်းသိမ်းခ | ၉၅,၀၀၀ | ၉၅,၀၀၀ | ၉၅,၀၀၀ | ၉၅,၀၀၀ |
| သူနာပြုလေ့ကျင့်ရေး သင်တန်းကြေး | ၅၀,၀၀၀ | ၅၀,၀၀၀ | ၅၀,၀၀၀ | ၅၀,၀၀၀ |
| စုစုပေါင်း | ၆၂၀,၀၀၀ | ၄၃၅,၀၀၀ | ၄၃၅,၀၀၀ | ၄၃၅,၀၀၀ |
| ဝင်ခွင့်စာမေးပွဲကြေး | ၁၅,၀၀၀ | | | |

**[ကျောင်းဝင်ခွင့်လက်မှတ် ပို့ဆောင်ခြင်း]**

(၁) ကျောင်းလခပေးချေမှုအား စစ်ဆေးပြီးနောက် ကျောင်းဝင်ခွင့်လက်မှတ်ကို စာတိုက်မှ ပေးပို့ပါမည်။

(၂) ကျောင်းဝင်ခွင့်လက်မှတ်အား ဗီဇာရယူရန်နှင့် သက်တမ်းတိုးရာတွင် အသုံးပြုလျှင် မူရင်းကို သိမ်းဆည်း၍ မိတ္တူကို သာ အသုံးပြုပါ။

## စာမေးပွဲနေရာ

〒၄၀၅ - ၀၀၁၈ ယမနရှိခရိုင် ယမနရှိမြို့ခမိခနို့ဂ၀ ၇၇-၃

JR Chuo Line Yamanashishi ဘူတာတောင်ဘက်ပေါက်မှ လမ်းလျှောက် ၁ မိနစ်

Chuo ကားလမ်း  Ichinomiya Misaka အင်တာချိန်းမှ ၁၄ မိနစ်ခန့်

